# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အမိန့်ကြော်ငြာစာအမှတ်၊ ၉ /၂၀၂၀**

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက် )

၁။ နိုင်ငံတော်အတွင်း၌ ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့် ရှိနေသည့် ငွေကြေး (Digital Currency) များအား သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း တို့ကြောင့် ပေါ်ပေါက်လာမည့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူနှင့် စီမံခန့်ခွဲသူဖြစ်ပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် နိုင်ငံခြားငွေနှင့် နိုင်ငံခြားသုံးငွေတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လည်းကောင်း၊ ပုဒ်မ ၃၈ တွင် မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရဟု လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၅၉ တွင် မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် မရှိဘဲ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်း မပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Digital Currency များအား တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ယင်းကို ရောင်းဝယ်လဲလှယ်ခြင်းများ ဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်း မရှိပါ။ သို့ရာတွင် အချို့ပုဂ္ဂိုလ်များသည် Digital Currency များဖြစ်သော Cryptocurrency: Bitcoin (BTC)၊ Litecoin (LTC)၊ Ethereum (ETH) နှင့် Perfect Money (PM) အစရှိသည်တို့အား personal Facebook account များ၊ web page များမှတစ်ဆင့် ရောင်း/ဝယ်၊ လဲလှယ်မှုများအား မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊

ဝန်ဆောင်မှုပေးသည့် ပုံစံဖြင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ယင်းသို့ဆောင်ရွက်ပါက သုံးစွဲဆောင်ရွက်သူများတွင် ဆုံးရှုံးနိုင်ခြေရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က (၃-၅-၂၀၁၉) ရက်နေ့ သတင်းစာများတွင် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၄။ ယခုထပ်မံ၍ အထက်အပိုဒ် ၃ ပါအတိုင်း ဥပဒေပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ယင်းသို့ဖောက်ဖျက်ကျူးလွန်သူအား တရားစွဲဆိုမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၇၁ တို့အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

xxxxxxxxxxxx

ဥက္ကဋ္ဌ ( ကိုယ်စား )

( ဘိုဘိုငယ်၊ ဒုတိယဥက္ကဋ္ဌ )